ဝေငှချက် လေး

# ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဖြစ်သည့် ဘုရားသခင်နှင့်အတူ မဆုတ်မနစ်ဖွဲလုံ့လရှိစွာ ဆုတောင်းခြင်း

ဖတ်ရန်ကျမ်း။ ။ မာ၊၁၁း ၂၀–၂၄။ လု၊၁၈း၁–၈။ ဗျာ၊၈း၃–၅

**I. မာကု၊၁၁း ၂၀–၂၄ တွင် သခင်ယေရှုက တပည့်တော်များအား ဘုရားသခင်၏ စီမံကိန်းအတိုင်း ဘုရားသခင်၏ အလိုတော်ကို စီမံဆောင်ရွက်စေရန် ယုံကြည်ခြင်းအားဖြင့် ဆုတောင်းခြင်းငှာ သွန်သင်ခဲ့သည်။**

က။ ဆုတောင်းသောသူသည် ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်းပြီး၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောအခါ၊ ဘုရားသခင်သည် သူ၏ယုံကြည်ခြင်းဖြစ်လာသည်။ ဤသည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းရှိခြင်း၏ ဆိုလိုရင်းဖြစ်သည် – အငယ်၊ ၂၂။

ခ။ ယုံကြည်ခြင်းမှ ထွက်ပေါ်လာသော ဆုတောင်းခြင်းများသည်သာလျှင် ဘုရားသခင်ကို ထိတွေ့နိုင်သည်။ ယုံကြည်ခြင်းမရှိလျှင် ဆုတောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိပေ – အငယ်၊ ၂၃။

ဂ။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့တောင်းလျှောက်ခဲ့သည့်အရာကို ကျွန်ုပ်တို့လက်ခံရပြီဖြစ်ကြောင်း ယုံကြည်လက်ခံခြင်းဖြစ်သည် – အငယ်၊ ၂၄။

၁။ သခင်ဘုရား၏ စကားတော်အရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လက်ခံရရှိခဲ့ပြီဖြစ်သည်ဟု ယုံကြည်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့လက်ခံရရှိလိမ့်မည်ဟု ယုံကြည်ခြင်းမဟုတ်ပါ။

၂။ မျှော်လင့်ခြင်းမှာ အနာဂတ်တွင်ရှိလာမည့်တစ်စုံတစ်ရာကို မျှော်ခြင်းဖြစ်သည်။ ယုံကြည်လက်ခံခြင်းမှာ တစ်စုံတစ်ရာသည် လုပ်ဆောင်ပြီးစီးခဲ့ပြီဟု မှတ်ယူခြင်းကို ဆိုလိုသည်။

၃။ ယုံကြည်ခြင်းသည် ဘုရားသခင်က တစ်စုံတစ်ခုသောအရာကို တတ်နိုင်သည် သို့မဟုတ် လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်လက်ခံခြင်းသာမက၊ ဘုရားသခင်က ထိုအရာကို လုပ်ဆောင်ပြီးစီးခဲ့ပြီဟု ယုံကြည်လက်ခံခြင်းလည်းဖြစ်သည်။

ဃ။ မာကု၊၁၁း ၂၀–၂၄ ရှိ ဆုတောင်းချက်မှာ အခွင့်အာဏာဖြင့် ဆုတောင်းခြင်းဖြစ်သည်။ ဤသို့သော ဆုတောင်းခြင်းသည် ဘုရားသခင်ထံသို့ ဦးတည်ခြင်းမဟုတ်ဘဲ "ဤတောင်"သို့ ဦးတည်ခြင်းဖြစ်သည် – အငယ်၊ ၂၃။

၁။ အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် ဘုရားသခင်အား တစ်စုံတစ်ရာကို လုပ်ဆောင်စေရန် တောင်းလျှောက်ခြင်းမဟုတ်ပါ။ ထိုအစား ယင်းသည် ဘုရားသခင်၏ အခွင့်အာဏာကို လေ့ကျင့်ကာ၊ ဤအခွင့်အာဏာကို ဖယ်ရှားပစ်လိုက်သင့်သည့် ပြဿနာများနှင့် အရာများကို ဆက်ဆံဖြေရှင်းရာတွင် လက်တွေ့ကျင့်သုံးရသည် – ဧ၊၄း၇။ မ၊၂၁း၂၁။

၂။ ဘုရားသခင်က ကိုယ်တော်မိန့်မှာခဲ့သည့်အရာကို မိန့်မှာရန်နှင့် ကိုယ်တော်အမိန့်ပေးခဲ့သည့်အရာကို အမိန့်ပေးရန် ကျွန်ုပ်တို့အား ခန့်အပ်စေခိုင်းခဲ့သည် – ၁၇း၂၀။

၃။ အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို နှောင့်ယှက်နေသည့်အရာများအား အဝေးသို့ ထွက်သွားစေရန် ကျွန်ုပ်တို့ပြောသည့်အရာများမှ တစ်ခုဖြစ်သည်။

၄။ အသင်းတော်သည် ထိုသို့ အခွင့်အာဏာဖြင့် ဆုတောင်းခြင်းကို ယုံကြည်ခြင်းအပြည့်အဝရှိခြင်းအားဖြင့်၊ သံသယမရှိဘဲ၊ ကျွန်ုပ်တို့လုပ်နေသည့်အရာသည် ဘုရားသခင်အလိုတော်အတိုင်း အပြည့်အဝဖြစ်ကြောင်း ရှင်းလင်းမှုရှိခြင်းအားဖြင့် ရရှိနိုင်သည် – ၆း၁၀။ ၁၈း၁၈–၂၀။

၅။ အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် အောင်မြင်သောသူများနှင့် များစွာ စပ်ဆိုပါသည်။ အောင်မြင်သောသူတိုင်းသည် "ဤတောင်"ကို စကားပြောရန် သင်ယူရမည်ဖြစ်သည် – မာ၊၁၁း၂၃။

**II. လုကာ၊၁၈း၁–၈ ၌ သခင်ယေရှုက တပည့်တော်များအား "အားမလျှော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်အကြောင်း" ကို ဥပမာစကားဖြင့် ပြောခဲ့သည် – အငယ်၊၁။**

က။ ဤပုံဥပမာ၏ ပုံဆောင်ချက်မှာ ထူးခြားလေးနက်ပြီး၊ ကျွန်ုပ်တို့သည် ဤနေရာတွင် ဖွင့်ပြထားသည့် ကိုယ်တော်အဖြစ် ဘုရားသခင်ကို သိကျွမ်းရန် လိုအပ်သည် – အငယ်၊၇–၈။

ခ။ အငယ်၊၃ ရှိ မုဆိုးမသည် ယုံကြည်သူများကို ပုံဆောင်သည်။ သဘောတရား၌၊ ခရစ်တော်၌ရှိသည့် ယုံကြည်သူများသည် မျက်မှောက်ခေတ်ကာလတွင် မုဆိုးမဖြစ်သည်၊ အကြောင်းမှာ သူတို့၏ ခင်ပွန်း ခရစ်တော်သည် အပြင်ပန်းအားဖြင့် သူတို့ထံ မရှိသောကြောင့်ဖြစ်သည် – ၂ကော၊၁၁း၂။

ဂ။ ပုံဥပမာရှိ မုဆိုးမကဲ့သို့ (လု၊၁၈း၃) ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့၌ ရန်ဘက် စာတန်မာရ်နတ်ရှိနေပြီး၊ သူနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ လက်စားချေပေးခြင်းကို ကျွန်ုပ်တို့ လိုအပ်နေသည်။

၁။ ဤပုံဥပမာက ကျွန်ုပ်တို့သည် သခင်ဘုရား၏ ခဏတာ မရှိစဉ်ကာလအတွင်း ကျွန်ုပ်တို့၏ ရန်ဘက်ထံမှ ဒုက္ခဆင်းရဲ ခံစားနေရကြောင်း ရည်ညွှန်းသည်။

၂။ ကိုယ်တော် ခဏတာမရှိစဉ်ကာလအတွင်း ကျွန်ုပ်တို့သည် ရန်ဘက်မှ တစ်ချိန်လုံး နှောင့်ယှက်ဒုက္ခပေးခံရသည့် မုဆိုးမ ဖြစ်ကြသည်။

ဃ။ ကျွန်ုပ်တို့၏ ရန်ဘက်သည် ကျွန်ုပ်တို့ကို ညှဉ်းပန်းနှိပ်စက်နေစဉ်၊ ကျွန်ုပ်တို့၏ ဘုရားသခင်သည် ဖြောင့်မတ်မှုမရှိသကဲ့သို့ ထင်ရသည်၊ အကြောင်းမှာ ကိုယ်တော်သည် ကိုယ်တော့်သားသမီးများကို မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခံနေရခြင်းကို ခွင့်ပြုသောကြောင့်ဖြစ်သည် – ၁ပေ၊၂း၂၀။ ၃း၁၄၊ ၁၇။ ၄း၁၃–၁၆၊ ၁၉။

၁။ ရာစုနှစ်များတစ်လျှောက် သခင်ယေရှု၏ ရိုးသား၍ သစ္စာရှိသော နောက်လိုက် ထောင်သောင်းနှင့်ချီ၍ မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရသည်။ ယနေ့တွင်ပင်လျှင် များစွာတို့သည် မတရားပြုမူဆက်ဆံခံရခြင်းကို တွေ့ကြုံနေကြရသည် – ဗျာ၊၂း၈–၁၀။

၂။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် တရားမျှတမှုမရှိသကဲ့သို့ ထင်ရသည်၊ အကြောင်းမှာ ကိုယ်တော်သည် လာ၍ တရားစီရင်ခြင်းနှင့် သက်သေထူပေးခြင်းမရှိသည့်အတွက်ဖြစ်သည်။ ဤအခြေအနေကြောင့် သခင်ယေရှုသည် ညှဉ်းပန်းနှိပ်စက်ခံရသော မိမိလူမျိုးတော်၏ ကိုယ်စား မည်သည့်အရာကိုမျှ မပြုပေးခဲ့သကဲ့သို့ ထင်ရသည့် ဘုရားသခင်ကို ရည်ညွှန်းရန် မဖြောင့်မတ်သည့် တရားသူကြီးကို အသုံးပြုထားခဲ့သည် – လု၊၁၈း၂–၆။

က။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် သေတာစာစောင်၌ ညွှန်ပြထားသည့်အတိုင်း ကိုယ်ကိုထင်ရှားစွာ ပြတော်မမူသော ဘုရားသခင်ဖြစ်သည် (ဟေရှာ၊၄၅း၁၅)။

ခ။ ကျွန်ုပ်တို့အစေခံသည့် နေရာတိုင်းတွင်ရှိသော အနန္တတန်ခိုးရှင် ဘုရားသခင်သည် အထူးသဖြင့် ကျွန်ုပ်တို့ကို ကူညီမစခြင်း၌ မိမိကိုယ်ကိုထင်ရှားစွာ ပြတော်မမူသော ဘုရားသခင်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည် – ယော၊၁၄း၂၆။ ရော၊၈း၂၆။

ဂ။ ကိုယ်တော့်ကို ကျွန်ုပ်တို့ မမြင်နိုင်ပါ၊ အပြင်ပန်းအားဖြင့် ကိုယ်တော်သည် ဘာမျှမလုပ်ဆောင်သကဲ့သို့ ထင်ရသည်။ အမှန်တွင် ဝှက်ထားသောနည်းလမ်း၌ ကိုယ်တော်သည် များစွာသောအရာတို့ကို ကျွန်ုပ်တို့အဖို့ လုပ်ဆောင်ပေးနေသည် – အငယ်၊၂၀၊ ၃၄။ သော၊၄း၁၄။

င။ ပုံဥပမာရှိ မုဆိုးမသည် မဖြောင့်မတ်သော တရားသူကြီးထံ မကြာခဏ လာရောက်ပြီး၊ သူမ၏ ရန်ဘက်ကို ဒဏ်ခတ်ပေးရန် တောင်းလျှောက်ခဲ့သည်။ ကျွန်ုပ်တို့သည် ဤဒဏ်ခတ်စီရင်ခြင်းအတွက် မဆုတ်မနစ်ဇွဲလုံ့လရှိစွာ ဆုတောင်းရမည်ဖြစ်ပြီး၊ စိတ်အားလျော့ခြင်း မရှိသင့်ပါ – လု၊၁၈း၁၊ ၃။

၁။ ကျွန်ုပ်တို့၏ ခင်ပွန်းဖြစ်သူသည် အပြင်ပန်းအားဖြင့် အဝေးသို့ရောက်နေပြီး၊ ကျွန်ုပ်တို့သည် မြေကြီးပေါ် တွင် မုဆိုးမအဖြစ် ကျန်ရစ်ခဲ့သောအခါ၊ ယာယီအားဖြင့် ကျွန်ုပ်တို့၏ ဘုရားသခင်သည် မဖြောင့်မတ်သော တရားသူကြီးဖြစ်သကဲ့သို့ ထင်ရသည် – အငယ်၊၆။

၂။ ကိုယ်တော်သည် မဖြောင့်မတ်သကဲ့သို့ ထင်ရသော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ထံ အသနားခံရမည်၊ မဆုတ်မနစ်ဇွဲလုံ့လဖြင့် ဆုတောင်းရမည်၊ ကိုယ်တော်ကို ထပ်ခါထပ်ခါ နှောင့်ယှက်ရမည်ဖြစ်သည်၊ ယင်းမှာ ကိုယ်တော်သည် ကိုယ်တော့်ထံ "နေ့ညမပြတ် ဟစ်အော်နေသော" သူ၏ ရွေးချယ်ခံများအဖို့ ဒဏ်ခတ်စီရင်ခြင်းကို အလျင်အမြန် စီမံဆောင်ရွက်နိုင်ရန်ဖြစ်သည် – အငယ်၊၇–၈က။

စ။ ဗျာဒိတ်၊၈း၅ သည် ၆း၉–၁၁ နှင့် လု၊၁၈း၇–၈ ကို ပေးသောအဖြေအား ရည်ညွှန်းသည်။

၁။ ဗျာဒိတ်၊၈း၃–၄ ရှိ သန့်ရှင်းသူများ၏ ဆုတောင်းချက်သည် ဘုရားသခင်၏ စီမံကိန်းကို ဆန့်ကျင်သော မြေကြီးကို တရားစီရင်ရန်အတွက် ဖြစ်ရမည်။

၂။ မြေကြီးပေါ် သို့ ဘုရားသခင်၏ တရားစီရင်ခြင်း – မြေပေါ် သို့ မီးကို ချလိုက်ခြင်း – သည် နံ့သာပေါင်းဖြစ်သည့် ခရစ်တော်နှင့်အတူ သန့်ရှင်းသူများ၏ ဆုတောင်းခြင်းများကို အဖြေပေးခြင်းဖြစ်သည် – အငယ်၊၃–၅။

ဆ။ "လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ် မှာ တွေ့မည်လော။" – လု၊၁၈း၈ခ။

၁။ တိုက်ရိုက်အနက်အားဖြင့် ဂရိစကားလုံးတွင် "ယုံကြည်ခြင်း" ဟူသည်မှာ "ထိုယုံကြည်ခြင်း"ဟု ဆိုလိုသည်၊ ဤသည်မှာ မုဆိုးမ၏ ဆုတောင်းချက်ကဲ့သို့သော မဆုတ်မနစ်ဇွဲလုံ့လရှိသည့် ဆုတောင်းခြင်းအတွက် မဆုတ်မနစ်သောယုံကြည်ခြင်းကို ဆိုလိုသည်။

၂။ ကျွန်ုပ်တို့ကယ်တင်ခံရသည့် ယုံကြည်ခြင်းမှာ ယုံကြည်ခြင်း၏ အစပြုအဆင့်ဖြစ်သည်။ ခရစ်တော်နှင့်ပေါင်းစည်းခြင်း အသက်အထဲသို့ ခေါ် ဆောင်ပေးသည့် အသက်သည် ဆက်သွယ်ပေးသော ယုံကြည်ခြင်းဖြစ်သည်၊ ယင်းမှာ သုံးပါးတစ်ပါး

ဘုရားကို ကျွန်ုပ်တို့ အဆက်မပြတ် ဆက်သွယ်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့အထဲသို့ ရောက်လာသည့် ယုံကြည်ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင့်သားတော်အားဖြင့် အသက်ရှင်နိုင်ကြပေမည် – ရော၊၁း၁၇။ ဂလ၊ ၂း ၂၀။ ယော၊ ၁၄း၁၉။

၃။ ဆက်သွယ်ပေးသော ယုံကြည်ခြင်းသည် အောင်မြင်သောသူများအဖို့ ကိုယ်တော်၏ အောင်ပွဲခံသော ပြန်ကြွလာခြင်း၌ ခရစ်တော်ကို တွေ့ဆုံရန် ဘုရားဆိုင်ရာ တောင်းဆိုချက်ဖြစ်သည် – လု၊၁၈း၈ခ။

က။ ဆက်သွယ်ပေးသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများထံ ဆက်သွယ်ပေးရန် ကျွန်ုပ်တို့၌ လှုပ်ရှားနေသည့် သုံးပါးတစ်ပါးဘုရားဖြစ်သည် – ဧ၊၃း၈။

ခ။ ဆက်သွယ်ပေးသော ယုံကြည်ခြင်းသည် မိမိတို့ကိုယ်တိုင်၌ ယုံကြည်ကိုးစားခြင်းမပြုသည့် ယုံကြည်သူများ၏ ယုံကြည်ခြင်းဖြစ်သည် – ၂ကော၊၁း၉။

ဂ။ သခင်ယေရှုပြန်ကြွလာသောအခါ ကိုယ်တော်သည် ဆက်သွယ်ပေးသော ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သည့် အောင်မြင်သောသူ အရေအတွက်များစွာကို တွေ့ရှိရလိမ့်မည်ဖြစ်ပြီး၊ သူတို့ကို အနှစ်တစ်ထောင် ကိုယ်တော်၏ စိုးစံခြင်း၌ ကိုယ်တော့်နိုင်ငံတော်အတွက် အဖိုးတန်ရတနာများအဖြစ် မှတ်ယူလိမ့်မည်ဖြစ်သည် – လု၊၁၈း၈ခ။ ဗျာ၊ ၂၀း၄၊ ၆။

© 2020 Living Stream Ministry